## မာတိကာ


- အမှာစာ ၉
- ဂျပန်ပုံစံ စီမံခန့်ခွဲမှု ၁၃
- ကုမ္ပဏီစီမံခန့်ခွဲမှုနှင့် ကုန်ထုတ်လုပ်ငန်းလုပ်ဆောင်ချက်များ ၂၁
- လုပ်ငန်းတိုးတက်မှု ၄၁
- ဂျပန်ပုံစံ အရည်အသွေးစီမံခန့်ခွဲမှု ၄၉
- အရည်အသွေး ထိန်းချုပ်သည့် နည်းစနစ် ခုနစ်မျိုး ၆၃
- 5S သို့မဟုတ် ဂျပန်ပုံစံလုပ်ငန်းခွင်စီမံခန့်ခွဲမှုနည်းစနစ် ၇၃
- ဂျပန်ပုံစံ လုံခြုံ စိတ်ချရမှုနှင့် ကျန်းမာရေးဆိုင်ရာ စီမံခန့်ခွဲမှုများ ၇၉
- မြင်သာသောစီမံခန့်ခွဲမှု ၈၉
- HOURENSO သို့မဟုတ် ဂျပန်ပုံစံဆက်သွယ်ပြောဆိုခြင်းနည်းစနစ် ၉၉
- 'ဘာကြောင့်လဲ'မေးခွန်းနှင့် ဂျပန်ပုံစံပြဿနာဖြေရှင်းနည်းစနစ် ၁၀၉
- အလုပ်နှင့် လေလွင့်မှုများ ၁၁၉
- ရည်မှန်းချက် ချမှတ်၍ စီမံခန့်ခွဲခြင်း ၁၂၇
- Kaizen သို့မဟုတ် စဉ်ဆက်မပြတ်တိုးတက်မှု ၁၃၃


ဂျပန်ပုံစံ စီမံခန့်ခွဲမှုတွင် အရေးကြီးသောလုပ်ငန်းတစ်ခုမှာ လုပ်ငန်းဆောင်ရွက်ရာတွင် Kaizen ခေါ် စဉ်ဆက်မပြတ် တိုးတက်အောင် ဆောင်ရွက်ခြင်းဖြစ်သည်။ ဂျပန်လူမျိုးတို့၏ စီးပွားရေးအတွေးအခေါ်တွင် မိမိတို့၏ ဆောင်ရွက်ချက်များသည် မနေ့ကထက် ယနေ့ ပိုကောင်းရမည်၊ ယနေ့ထက် မနက်ဖြန် ပိုကောင်းရမည်ဆိုသည့် ခံယူချက်ရှိသည်။

ဂျပန်လူမျိုးတို့သည် ကုန်လုပ်ထုတ်ငန်းနှင့် ဝန်ဆောင်မှုများ ဆောင်ရွက်ရာတွင် လေလွင့်ဆုံးရှုံးမှုကို အထူးဂရုစိုက်ကြောင်းတွေ့ရသည်။ ၎င်းတို့၏ အဆိုအရ တစ်နေ့တာလုပ်ငန်းတွင် လေလွင့်ဆုံးရှုံးမှုများသည် ၇၀ ရာခိုင်နှုန်းခန့်ရှိကြောင်း တွေ့ရသည်။ လေလွင့်ဆုံးရှုံးမှုဆိုသည်မှာ လုပ်ရန်မလိုသော အလုပ်ကို လုပ်ခြင်းဖြစ်သည်။ ဥပမာ– အကြောင်းအမျိုးမျိုးကြောင့် စောင့်ဆိုင်းရခြင်း၊ မလိုအပ်ဘဲ သယ်ယူပို့ဆောင်ခြင်း၊ ကုန်လက်ကျန်များ များပြားလွန်းခြင်းတို့ဖြစ်သည်။ ဂျပန်တို့၏အဆိုအရ လုပ်ငန်းခွင်တွင် လေလွင့်ဆုံးရှုံးမှု ခုနစ်မျိုး သို့မဟုတ် ရှစ်မျိုးခန့် ရှိကြောင်း တွေ့ရသည်။

မြင်သာအောင် စီမံခန့်ခွဲမှုဆိုသည်မှာ လုပ်ငန်းတစ်ခုတွင် ပြဿနာဖြစ်ပေါ်သောအခါ ပြဿနာဖြစ်လျှင်ဖြစ်ချင်း ဖြေရှင်းပေးနိုင်သော အခြေအနေ၊ အချက်အလက်များကို အလွယ်တကူ နားလည်သဘောပေါက်စေရန် ရုပ်ပုံကားချပ်များဖြင့် မြင်သာအောင် ဖော်ပြထားခြင်းကို ဆိုလိုသည်။

PDCA ဆိုသည်မှာ လုပ်ငန်းမဆောင်ရွက်မီ စီမံကိန်းရေးဆွဲခြင်း(Plan)၊

စီမံကိန်းအတိုင်း လက်တွေ့ ဆောင်ရွက်ခြင်း(Do)၊

စီမံကိန်းနှင့် လက်တွေ့ဆောင်ရွက်ချက်တွင် ကွာဟမှု ရှိ မရှိ စစ်ဆေးခြင်း (Check)

ကွာဟချက်များ ပြန်လည်ပြုပြင်ပြီးနောက် လုပ်ဆောင်ခြင်း (Ait) တို့ဖြစ်သည်။

ဂျပန်ပုံစံစီမံခန့်ခွဲမှုသည် PDCA ကို စနစ်တကျ ထိန်းချုပ်ဆောင်ရွက်ခြင်းဖြစ်သည်။

ဂျပန်ပုံစံ စီမံခန့်ခွဲမှုတွင် 5S သည် အရေးပါသော လုပ်ငန်းတစ်ခုဖြစ်သည်။

Seiri ဆိုသည်မှာ လို အပ်သောပစ္စည်းကို သူ့နေရာနှင့် သူ စနစ်တကျထားရှိခြင်း။

Seiso ဆိုသည်မှာ လိုအပ်သောပစ္စည်းနှင့် မလိုအပ်သောပစ္စည်း ခွဲခြားခြင်း။

Seiton သန့်ရှင်းရေးပြုလုပ်ခြင်း။

Seiketsu ဆိုသည်မှာ ပစ္စည်းများထားရှိရန် စံသတ်မှတ်ခြင်း။

Shitsuke" ဆိုသည်မှာ ဝန်ထမ်းများ စနစ်တကျ လေ့ကျင့်သင် ကြားခြင်းနှင့် ရေရှည်ဆောင်ရွက်ခြင်းဖြစ်သည်။